
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ဗဟိုစာရင်းအင်းအဖွဲ့




# ၂၀၁၈ ခုနှစ် မေလအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၈ ခုနှစ် ဇွန်လ

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် မေလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် မေလ**အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၁.၈၂၊ အစားအစာမဟုတ်သောအုပ်စုအတွက် ၁၂၃.၉၄ နှင့် **အုပ်စုအားလုံးအတွက် ၁၄၀.၂၄** ရှိပါသည်။ **၂၀၁၈ ခုနှစ် ဧပြီလ၏** အခြေအနေမှာ ၁၃၉.၈၂ ရှိခဲ့ပြီး၊ **၂၀၁၈ ခုနှစ် မေလ**နှင့် နှိုင်းယှဉ်ပါက ၀.၃၀% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန်လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၁၉.၄၅** ဖြစ်ရာ **၂၀၁၈ ခုနှစ် ဧပြီလ၏** Core CPI ဖြစ်သည့် **၁၁၉.၀၈** နှင့် နှိုင်းယှဉ်ပါက ၀.၃၂% မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၈ ခုနှစ် မေလ** ၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၀.၂၄** ဖြစ်သဖြင့် **၂၀၁၇ ခုနှစ် မေလ၏** အခြေအနေ **၁၃၂.၄၂** နှင့် နှိုင်းယှဉ်ပါက **၅.၉၀%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် မေလ ၏ Core CPI မှာ ၁၁၉.၄၅ ဖြစ်ရာ ၂၀၁၇ ခုနှစ် မေလ ၏** Core CPI အခြေအနေ **၁၁၃.၇၁** နှင့် နှိုင်းယှဉ်ပါက **၅.၀၅%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် မေလတွင် အစားအစာအုပ်စု(Food)** ၏ ဈေးဆနှုန်းမှာ **၁၅၁.၈၂** ဖြစ်သဖြင့် ယခင်လကထက် **၀.၁၆%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ၀.၆၆% ကျဆင်းလာပါသည်။ အလားတူ စားအုန်းဆီ၊ ပဲဈေးနှုန်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် ခရမ်းချဉ်သီး ဈေးနှုန်းများလည်း သိသိသာသာ ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ သို့သော် ဆန်(ငစိန်)၊ ဆန်(ငကြွဲ)၊ ဂျုံမှုန့်၊ မြေပဲဆီ၊ နှမ်းဆီ၊ အသား၊ငါး နှင့်ဥအုပ်စုရှိ ကုန်ပစ္စည်းဈေးနှုန်းများ၊ ငြုတ်သီးအခြောက်(အပု)၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများမြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

၄။ **၂၀၁၈ ခုနှစ် မေလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၂၃.၉၄** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၅၃% မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ကွမ်းသီးနှင့် ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ ကျဆင်းနေသည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းများလည်း ကျဆင်းလာပါသည်။ သို့သော် သယ်ယူပို့ဆောင်ရေးအုပ်စုတွင်


ပါဝင်သော ခါတ်ဆီ၊ ဒီဇယ်ဆီ၊ ဘတ်စ်ကားခ(မြို့တွင်း)၊ မော်တော်ကား ဈေးနှုန်းများ၊ မော်တော် ဆိုင်ကယ်ဈေးနှုန်းများနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လျက်ရှိပါသည်။ ထို့အပြင် အမျိုးသမီး/အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ(အမျိုးသမီး)၊ ဖိနပ်(သားရေ)၊ ရာဘာဖိနပ်၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အသုံး အဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရ ပါသည်။


၅။ **၂၀၁၈ ခုနှစ် မေလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၂၉%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၄.၁၄%** ရှိပါကြောင်း အစီရင်ခံ တင်ပြ အပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် မေလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၈ ခုနှစ် ဧပြီလ နှင့် ၂၀၁၈ ခုနှစ် မေလ** | |
| | **စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၇ ခုနှစ် မေလ နှင့် ၂၀၁၈ ခုနှစ် မေလ** | |
| | **စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၁၀ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၁၃ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၃ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၉ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၂၀ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် ဧပြီလ နှင့် ၂၀၁၈ ခုနှစ် မေလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် မေလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၀.၂၄ ဖြစ်ရာ လွန်ခဲ့သော ဧပြီလ အခြေအနေ ၁၃၉.၈၂ နှင့် နှိုင်းယှဉ်ပါက ၀.၃၀% မြင့်တက်လာပါသည်။ အစားအစာအုပ်စု၊ အဝတ်အထည်အုပ်စု၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၊ အထွေထွေအုပ်စုတို့မှာ အနည်းငယ်သာမြင့်တက်ခဲ့သော်လည်း၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ သိသိသာသာမြင့်တက်လာပါသည်။ သို့ရာ၌ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုမှာမူ ကျဆင်းလာပြီး၊ ကျန်းမာရေးအုပ်စုမှာပြောင်းလဲမှု မရှိဘဲတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မေလအထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၂၉% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၈ ခုနှစ် ဧပြီလ အခြေအနေ ၄.၁၂ % နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်ဆက်လက်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၈ ခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၀.၁၆% မြင့်တက်လာပါသည်။ ယခုလတွင် မြေပဲဆီ ၂.၈၄%၊ နှမ်းဆီ ၁.၁၅%၊ ကြက်သား ၀.၁၁%၊ ဝက်သား ၀.၅၇%၊ အမဲသား ၀.၅၃%၊ ငါးခူ ၃.၀၃%၊ ငါးရံ့ ၁.၁၇%၊ ငါးရံ့ခြောက် ၁.၀၁%၊ ပုစွန်ခြောက် ၁.၄၇ %၊ ဘဲဥ ၁.၉၀% နှင့် ကြက်ဥ ၃.၅၅% ဖြင့် ဈေးနှုန်းများအသီးသီးမြင့်တက်လာသော်လည်း၊ စားအုန်းဆီမှာ ၁.၅၈% ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကုလားပဲခြမ်း၊ ပဲနီလေးနှင့် စားတော်ပဲဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ ထို့အပြင် အဖျော်ယမကာပစ္စည်းများဖြစ်သော သကြားနှင့် ထန်းလျက် ဈေးနှုန်းများလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ဟင်းသီးဟင်းရွက်များတွင် အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများမှာ ယခင်လကထက် သိသိသာသာ ကျဆင်းလာသော်လည်း၊ ခရမ်းသီး၊ မုန်လာဥဖြူ၊ ပဲတောင့်ရှည်သီးနှင့် ငရုတ်သီးအခြောက်(အပု)စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ မြင့်တက်လာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မေလ၌ ၁၄၂.၈၀ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၇.၃၇ ဖြစ်သောကြောင့် ၃.၁၁% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် ကွမ်းရွက် နှင့် ကွမ်းသီး(အခြမ်း/ အလုံး) ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာခဲ့ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မေလ၌ ၁၁၉.၄၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၉.၂၈ ဖြစ်သောကြောင့် ၀.၁၆% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော စက်ချုပ်ခများ(အမျိုးသမီးဝတ်)၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ မိုးကာအင်္ကျီ နှင့် ဖိနပ်ဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မေလ၌ ၁၄၆.၆၅ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၆.၁၈ ဖြစ်သောကြောင့် ၀.၃၂% မြင့်တက်လာပါသည်။ ဤအုပ်စု တွင်ပါဝင်သော အိမ်လခများ၊ ဓနိ၊သက်ကယ်၊ သစ်မာ၊ သွပ်၊ အုတ်၊ ဘိလပ်မြေ၊ ရေဖိုးနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာ

သည်ကို တွေ့ရှိရပါသည်။ မိုးတွင်းကာလမရောက်မီ အိမ်ပြုပြင်မှုများ ပြုလုပ်လာကြသဖြင့် အိမ်ဆောက်ပစ္စည်း ဝယ်လိုအားများလာသောကြောင့်ဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်ပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၁၇.၈၁ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၆၉ ဖြစ်သောကြောင့် ၀.၁၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဗီရို၊ သင်ဖြူးဖျာ၊ ခြင်ထောင်နှင့် အိမ်အသုံးအဆောင် ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ အလူမီနီယမ် အိုးများ၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့် နှင့် ဖယောင်းတိုင် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မေလ၌ ၁၃၉.၂၅ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၃၉.၂၄ ဖြစ်သောကြောင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၀၇.၀၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၄.၆၈ ဖြစ်သောကြောင့် ၂.၂၆% ဖြင့် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ဓာတ်ဆီ တစ်ဂါလံလျှင် ၃၉၀၅.၄၈ ကျပ်မှ ၄၁၃၈.၉၂ ကျပ်သို့လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင် ၃၉၃၈.၈၀ ကျပ်မှ ၄၁၈၅.၉၆ ကျပ်သို့လည်းကောင်း ဈေးနှုန်းများ အသီးသီးမြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ကားခ (မြို့တွင်း) ဈေးနှုန်းများလည်း အနည်းငယ် မြင့်တက်လာခဲ့ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၀၂.၅၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၅၅ ဖြစ်သောကြောင့် သိသာစွာ ပြောင်းလဲခဲ့ခြင်းမရှိပါ။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများမှာ သိသာစွာ ပြောင်းလဲခဲ့ခြင်းမရှိပါ။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၀၆.၇၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၄၃ ဖြစ်သောကြောင့် ဝ.၃၀ ရာခိုင်နှုန်းသာ မြင့်တက်လာခဲ့ ပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဗေးရှင်း၊ ကွန်ပျူတာ၊ ဘောပင်နှင့် ဗလာစာအုပ် ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်ခဲ့သော်လည်း ကျန်ကုန် ပစ္စည်း ဈေးနှုန်းများမှာမူ အပြောင်းအလဲနည်းပါးခဲ့ကြောင်း တွေ့ရှိရပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၂၇.၁၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၅.၂၃ ဖြစ်သောကြောင့် ၁.၅၂% မြင့်တက်လျက်ရှိပါသည်။ ကျောင်းဖွင့်ချိန်နီးကပ်လာပြီဖြစ်သောကြောင့် ကျူရှင်လခနှင့် သင်တန်းကြေး ဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၂၂.၈၁ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၆၂ ဖြစ်သောကြောင့် ဝ.၁၅%မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စု အတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက် နှင့် လက်ဖက်ရည်၊ ကော်ဖီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပါသည်။

(၄)　**အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၂၅.၅၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၅.၄၄ ဖြစ်သဖြင့် ၀.၁၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(ကျား၊မ)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ ထီး၊ ကျောပိုးအိတ်နှင့် နာရီ ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃)　**အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၂၃.၉၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၃.၂၉ ဖြစ်သောကြောင့် ၀.၅၃ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၇ ခုနှစ် မေလ နှင့် ၂၀၁၈ ခုနှစ် မေလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၈ ခုနှစ် မေလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၀.၂၄ဖြစ်ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် မေလ အခြေအနေ ၁၃၂.၄၂ နှင့် နှိုင်းယှဉ်ပါက ၅.၉၀% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မေလအထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၂၉%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် မေလ အခြေအနေ **၅.၉၆%** နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနှုန်းသည် ယခင်နှစ်အလားတူကာလကထက် ၅.၂၀% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၇.၁၂% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၅.၁၇%၊ နှမ်းဆီ ၄.၆၆%၊ ဝက်သား ၅.၈၆%၊ အမဲသား ၁.၂၃%၊ ငါးခူ ၄.၆၇%၊ ငါးရံ့ ၁.၁၂%၊ ငါးမြစ်ချင်း ၂.၈၄%၊ ပုစွန်ခြောက် ၈.၀၉%၊ ငါးရံ့ခြောက် ၆.၈၄% နှင့် ရေကျိုငါးပိ ၃.၈၁% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် စားအုန်းဆီ ၄.၃၉% နှင့် ကြက်သား ၃.၃၇% ဖြင့် ဈေးနှုန်းများ အသီးသီး ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၅၂.၇၉%၊ ကုလားပဲခြမ်း ၁၈.၈၅%၊ အာလူး ၁၁.၂၅%၊ ကြက်သွန်နီ ၁၀.၃၃%၊ ခရမ်းချဉ်သီး ၃.၇၃% ဖြင့်သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၈ ခုနှစ် မေလ ၌ ၁၄၂.၈၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၂၈.၁၂ ဖြစ်သောကြောင့် ၁၁.၄၆% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီးနှင့်ကွမ်းရွက် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၁၉.၄၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၁၆.၉၀ ဖြစ်သောကြောင့် ၂.၂၀% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာ၊ သားရေဖိနပ်၊ မိုးကာနှင့် အမျိုးသမီးစက်ချုပ်ခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၄၆.၆၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၃၅.၆၅ ဖြစ်သောကြောင့် ၈.၁၁% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓါတ်ငွေ့၊ ရေခွန်နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၁၇.၈၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၁၄.၀၈ ဖြစ်သောကြောင့် ၃.၂၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက်သိသိသာသာ မြင့်တက်နေသည်က တွေ့ရှိရပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၃၉.၂၅ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၂.၆၉ ဖြစ်သောကြောင့် ၄.၉၄% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၀၇.၀၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၇.၇၅ ဖြစ်သောကြောင့် ၉.၅၀% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၃၃၁.၁၃ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၁၈၅.၉၆ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၄၂၀.၉၅ ကျပ်ရှိရာ မှ ၄၁၃၈.၉၂ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ (ခရီးဝေး)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ ၌ ၁၀၂.၅၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၃.၆၇ ဖြစ်သောကြောင့် ၉.၄၈% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းဖုန်းခေါ်ဆိုခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ ၌ ၁၀၆.၇၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၃၃ ဖြစ်သောကြောင့် ၁.၃၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု

တွင်ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ် နှင့် ဗလာစာအုပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ ၌ ၁၂၇.၁၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၄၃ ဖြစ်သောကြောင့် ၃.၈၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ ၌ ၁၂၂.၈၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၁.၂၇ ဖြစ်သောကြောင့် ၁၀.၃၇%ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၂၅.၅၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၁.၈၁ ဖြစ်သောကြောင့် ၃.၀၉% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာလည်း ၃.၇၀% ဖြင့် သိသာစွာမြင့်တက်ခဲ့၍ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၈ ခုနှစ် မေလ၌ ၁၂၃.၉၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၁၁၅.၆၄ ဖြစ်သောကြောင့် ၇.၁၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် မေလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ မြင့်တက်လျက်ရှိသော်လည်း၊ ယခင်လနှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းနေပါသည်။ သို့သော် ဆန်(ငစိန်)နှင့် ဆန်(ငကြွ) ဈေးနှုန်းများမှု မြင့်တက်လျက်ရှိပါသည်။ ပြည်ပသို့ ဆန်တင်ပို့မှုများရှိခြင်း၊ စပါးဈေးမြင့်နေခြင်း၊ စပါးစိုက်ပျိုးရန် ပြန်လည်ပြင်ဆင်ချိန်ဖြစ်ခြင်းနှင့် သိုလှောင်ရုံတွင် စပါးလက်ကျန် နည်းနေခြင်းတို့ကြောင့် အချို့ဆန်ဈေးနှုန်းတို့မှာ မြင့်တက်နေရခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီ နှင့်ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း၊ စားအုန်းဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပ စားအုန်းဆီဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၄.၀၅ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန် ဒေါ်လာ ၆၁၁.၈၅ ဖြစ်သဖြင့် ယခင်လကထက် ၁.၉၅% ကျဆင်းလာသောကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းမှာလည်း အနည်းငယ် ကျဆင်းလာပါသည်။

(ဂ) အသား၊ ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ကြက်သား၊ ဝက်သား၊ ငါးခူ၊ ငါးရံ့၊ ငါးရံ့ခြောက်နှင့် ပုစွန်ခြောက်ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ အသားဈေးနှုန်းများတွင်အချို့ဒေသ၌ သားသတ်လိုင်စင်ဈေးနှုန်းမြင့်တက်ခြင်းကြောင့်လည်းကောင်း၊ မွေးမြူသူနည်းပါး၍ ကုန်ပစ္စည်းရှားပါးခြင်းကြောင့်လည်းကောင်းဈေးနှုန်းများမြင့်တက်လာပြီး၊ ကချင်ပြည်နယ်၌ စည်ပင်သာယာအဖွဲ့မှ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ရောင်းချရခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ယခုလသည် မိုးတွင်းကာလ ဖြစ်သဖြင့် ငါးမဖမ်းရရာသီ သတ်မှတ်ထားခြင်းကြောင့် လည်းကောင်း၊ ဒေသအတွင်း အင်းဖော်ချိန်ပြီးဆုံး၍ ငါးများရှားပါးလာသောကြောင့် လည်းကောင်း ငါးဈေးနှုန်း များမြင့်တက် လာရပါသည်။ ထို့အပြင် ဘဲဥ၊ ကြက်ဥ ဥနှုန်းကျဆင်းလာခြင်းနှင့် ကြက်စာ ဘဲစာဈေးနှုန်းများ မြင့်နေခြင်းတို့ကြောင့် ဘဲဥ၊ ကြက်ဥ ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဒေသအတွင်း ခရမ်းချဉ်သီးထွက်ပေါ်ချိန်ဖြစ်သောကြောင့် ဈေးကွက်အတွင်း ဝင်ရောက်မှုများလာပြီး၊ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်လကထက် သိသိသာသာ ကျဆင်းလာပါသည်။ စားဖိုဆောင် သီးနှံဖြစ်သော ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ ဈေးကွက်တွင် ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှု များပြားလာသောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ တရုတ်ပြည်မှ ကြူကုတ် ကြက်သွန်ဖြူများ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး ရောင်းလိုအားများလာသောကြောင့် ကြက်သွန်ဖြူဈေးနှုန်းများလည်း ကျဆင်းလာပါသည်။ မိုးကြို ကာလ၌ ရွက်နုများ ပြန်လည်ထွက်ပေါ်ချိန်ဖြစ်သဖြင့် ခူးဆွတ်မှုများကာ ဈေးကွက် အတွင်း ဝင်ရောက်မှုများပြားလာသောကြောင့် ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၅၀၂၉၉.၅၆ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၇၁% ကျဆင်းခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၃.၇၀% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေး နှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၃၃.၀၂ ရှိရာ မှ ၁၃၀၂.၆၆ သို့ ပြန်လည်ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေ ဈေးနှုန်း ကျဆင်းလာ ခြင်းနှင့်အတူ မြန်မာရွှေဈေးနှုန်းမှာလည်း လိုက်ပါကျဆင်းလာသည်ကို တွေ့ရှိရ ပါသည်။

(စ) ၂၀၁၈ ခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၃.၂၂ မှ ၈၉.၂၉ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၇.၉၉ မှ ၈၅.၀၅ သို့ လည်းကောင်းအသီးသီး မြင့်တက်နေပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီ ဈေးနှုန်းများသိသိသာသာ မြင့်တက်နေသည့်အပြင် နိုင်ငံခြားငွေ လဲလှယ်နှုန်းမှာ အမြင့်ဈေးဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်တွင်း လောင်စာဆီ ဈေးနှုန်းများလည်း သိသိသာသာမြင့်တက် လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတား များ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည် စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်းစသည့် အကြောင်းရင်းများ ကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ ခုနှစ် မေလမှ ၂၀၁၈ ခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သောတစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် မေလတွင် ၁၃၂.၄၂ စ၍ တဖြည်းဖြည်းမြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ တွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၁၈ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ တဖန် ၂၀၁၈ခုနှစ် ဧပြီလသည် နှစ်သစ်ကူးပွဲတော်ဖြစ်သဖြင့် စားသုံးကုန်စည် ဈေးနှုန်း များ မြင့်တက်လာပြီး စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၈၂ သို့ပြန်လည် မြင့်တက် လာပါသည်။ ထိုမှတဖန် ဆက်လက်မြင့်တက်လာပြီး ၂၀၁၈ခုနှစ်မေလ၌ ၁၄၀.၂၄ ဖြစ်ပေါ်ခဲ့ပါသည်။


(ခ) ၂၀၁၈ ခုနှစ် မေလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသ ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေနှင့် မန္တလေးမြို့တို့တွင် ကျဆင်း လာပြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်မြို့ နှင့် နေပြည်တော်တို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

### ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် မေလမှ ၂၀၁၈ ခုနှစ် မေလအထိ) ကာလ အတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် ဧပြီလတွင် ၄.၇၄% ရှိရာမှ မေလမှစ၍ ပြန်လည် ကျဆင်းလာရာ ဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လ

မှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၅.၂၃% ဖြစ်ပေါ်ခဲ့ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ရာခိုင်နှုန်း အနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ သို့သော် မတ်လတွင် ပြန်လည် မြင့်တက်လာခဲ့ရာ မေလတွင် ၅.၉% ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မေလအထိ တစ်နှစ်ပျမ်းမျှ ၄.၂၉% ရှိ၍ ဧပြီလအထိ တစ်နှစ်ပျမ်းမျှ ၄.၁၂% နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် ဆက်လက်မြင့်တက်လာပါကြောင်းနှင့် ၂၀၁၈ ခုနှစ် မေလ နှင့် ၂၀၁၇ ခုနှစ် မေလတို့၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါကလည်း (Year on Year Inflation) မှာ ၅.၉% ဖြစ်သည့်အတွက် ယခင်လကထက် ရာခိုင်နှုန်း အနည်းငယ်သာပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။



(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၈.၅၁%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ရခိုင်ပြည်နယ်တွင် ၈.၄၁% ဖြင့် ဒုတိယအမြင့်ဆုံး၊ ဧရာဝတီ တိုင်းဒေသကြီးတွင် ၅.၂၅% ဖြင့် တတိယအမြင့်ဆုံးအသီးသီး ဖြစ်ပေါ်လျက်ရှိ ပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၁.၃၈% ဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေတွင် ၂.၅၀% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ မေလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် မေလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မေလ | ဧပြီလ | မေလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၂.၄၂** | **၁၃၉.၈၂** | **၁၄၀.၂၄** | **၀.၃၀** | **၅.၉၀** | **၄.၂၉** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၄.၃၂** | **၁၅၁.၅၇** | **၁၅၁.၈၂** | **၀.၁၆** | **၅.၂၀** | **၃.၅၂** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၈.၁၂ | ၁၄၇.၃၇ | ၁၄၂.၈၀ | -၃.၁၁ | ၁၁.၄၆ | ၁၁.၀၄ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၉၀ | ၁၁၉.၂၈ | ၁၁၉.၄၇ | ၀.၁၆ | ၂.၂၀ | ၁.၆၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၅.၆၅ | ၁၄၆.၁၈ | ၁၄၆.၆၅ | ၀.၃၂ | ၈.၁၁ | ၅.၄၂ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၄.၀၈ | ၁၁၇.၆၉ | ၁၁၇.၈၁ | ၀.၁၁ | ၃.၂၇ | ၂.၅၂ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၂.၆၉ | ၁၃၉.၂၄ | ၁၃၉.၂၅ | ၀.၀၀ | ၄.၉၄ | ၄.၄၈ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၇.၇၅ | ၁၀၄.၆၈ | ၁၀၇.၀၄ | ၂.၂၆ | ၉.၅၀ | ၉.၄၅ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၆၇ | ၁၀၂.၅၅ | ၁၀၂.၅၄ | -၀.၀၁ | ၉.၄၈ | ၈.၁၇ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၃၃ | ၁၀၆.၄၃ | ၁၀၆.၇၄ | ၀.၃၀ | ၁.၃၄ | ၀.၈၁ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၄၃ | ၁၂၅.၂၃ | ၁၂၇.၁၃ | ၁.၅၂ | ၃.၈၄ | ၀.၉၁ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၁.၂၇ | ၁၂၂.၆၂ | ၁၂၂.၈၁ | ၀.၁၅ | ၁၀.၃၇ | ၆.၃၅ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၀.၈၁ | ၁၂၅.၄၄ | ၁၂၅.၅၇ | ၀.၁၀ | ၃.၀၉ | ၃.၈၅ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၅.၆၄** | **၁၂၃.၂၉** | **၁၂၃.၉၄** | **၀.၅၃** | **၇.၁၈** | **၅.၆၇** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၃.၇၁** | **၁၁၉.၀၈** | **၁၁၉.၄၅** | **၀.၃၂** | ***၅.၀၅** | ***၄.၁၄** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ မေလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် မေလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မေလ | ဧပြီလ | မေလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၆.၆၅ | ၁၄၂.၉၂ | ၁၄၄.၇၄ | ၁.၂၈ | ၅.၉၂ | ၄.၄၇ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၇.၆၈ | ၁၄၄.၄၁ | ၁၄၃.၆၆ | -၀.၅၂ | ၄.၃၄ | ၄.၅၄ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၁.၉၉ | ၁၂၆.၄၂ | ၁၂၆.၄၉ | ၀.၀၆ | ၃.၆၉ | ၃.၈၇ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၈.၀၅ | ၁၈၁.၇၂ | ၁၈၃.၆၃ | ၁.၀၅ | ၃.၁၃ | ၂.၄၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၂၉.၄၆ | ၁၃၄.၇၈ | ၁၃၄.၇၀ | -၀.၀၆ | ၄.၀၅ | ၃.၁၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၉.၅၇ | ၁၂၅.၉၄ | ၁၂၅.၇၈ | -၀.၁၃ | ၅.၁၉ | ၄.၆၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၀.၈၆ | ၁၃၆.၆၀ | ၁၃၆.၂၈ | -၀.၂၄ | ၄.၁၄ | ၃.၇၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၀.၈၄ | ၁၄၂.၅၁ | ၁၄၁.၉၄ | -၀.၄၀ | ၈.၄၈ | ၄.၄၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၈.၃၀ | ၁၃၄.၄၉ | ၁၃၄.၃၅ | -၀.၁၀ | ၄.၇၂ | ၃.၆၇ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၅.၁၂ | ၁၃၁.၂၆ | ၁၃၃.၆၈ | ၁.၈၄ | ၆.၈၄ | ၄.၅၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၆၁.၂၆ | ၁၇၆.၁၈ | ၁၇၇.၄၀ | ၀.၆၉ | ၁၀.၀၁ | ၈.၄၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၇.၉၃ | ၁၃၃.၇၂ | ၁၃၄.၁၄ | ၀.၃၁ | ၄.၈၆ | ၃.၃၀ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၁.၇၆ | ၁၅၁.၇၄ | ၁၅၂.၆၈ | ၀.၆၂ | ၇.၇၁ | ၅.၀၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၂.၇၃ | ၁၄၀.၉၂ | ၁၄၁.၄၃ | ၀.၃၆ | ၆.၅၅ | ၅.၂၅ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၄.၁၀ | ၁၂၉.၂၃ | ၁၂၇.၂၁ | -၁.၅၆ | ၂.၅၀ | ၀.၉၃ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၄.၇၈ | ၁၄၀.၄၄ | ၁၄၁.၇၅ | ၀.၉၄ | ၅.၁၇ | ၃.၃၄ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၀.၆၀ | ၁၃၄.၇၂ | ၁၃၄.၃၂ | -၀.၃၀ | ၁၁.၃၈ | ၈.၅၁ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၁.၉၀ | ၁၃၀.၀၉ | ၁၃၀.၄၁ | ၀.၂၄ | ၆.၉၈ | ၄.၃၇ |
| တစ်နိုင်ငံလုံး | | ၁၀၀.၀၀ | ၁၃၂.၄၂ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၀.၃၀ | ၅.၉၀ | ၄.၂၉ |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် မေလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် ဧပြီလ (ကျပ်) | ၂၀၁၈ ခုနှစ် မေလ (ကျပ်) | ၂၀၁၇ ခုနှစ် မေလ (ကျပ်) | ယခင်လ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % | ယခင်နှစ် အလားတူလ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၉၃.၃၆ | ၁၃၉၂.၈၀ | ၁၃၀၀.၁၉ | -၀.၀၄ | ၇.၁၂ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၃၆၇.၀၉ | ၅၅၁၉.၄၅ | ၅၂၄၈.၁၅ | ၂.၈၄ | ၅.၁၇ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၇၈၃.၁၃ | ၅၈၄၉.၃၉ | ၅၅၈၈.၈၂ | ၁.၁၅ | ၄.၆၆ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၀၉.၂၉ | ၂၀၇၅.၉၅ | ၂၁၇၁.၂၈ | -၁.၅၈ | -၄.၃၉ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၉၆.၅၈ | ၇၀၀၄.၁၈ | ၇၂၄၈.၂၆ | ၀.၁၁ | -၃.၃၇ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၁၅၆.၄၆ | ၉၂၀၈.၅၀ | ၈၆၉၈.၆၃ | ၀.၅၇ | ၅.၈၆ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၆၇၂.၁၇ | ၁၀၇၂၈.၇၇ | ၁၀၅၉၈.၅၉ | ၀.၅၃ | ၁.၂၃ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၁၀.၉၉ | ၁၆၄၁.၅၉ | ၁၆၀၈.၇၀ | ၁.၉၀ | ၂.၀၅ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၁၁.၆၀ | ၁၂၅၄.၆၀ | ၁၂၃၄.၈၈ | ၃.၅၅ | ၁.၆၀ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၇၈၀.၀၀ | ၈၀၁၆.၁၁ | ၇၆၅၈.၁၀ | ၃.၀၃ | ၄.၆၇ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၈၉၂.၇၅ | ၇၉၈၄.၉၇ | ၇၈၉၆.၈၃ | ၁.၁၇ | ၁.၁၂ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၃၅.၂၇ | ၄၅၅၈.၄၈ | ၄၄၃၂.၅၈ | ၀.၅၁ | ၂.၈၄ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၉၁၄၁.၇၀ | ၂၉၅၆၉.၃၆ | ၂၇၃၅၆.၂၂ | ၁.၄၇ | ၈.၀၉ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၈၂၃၅.၉၆ | ၂၈၅၂၁.၆၇ | ၂၆၆၉၅.၀၅ | ၁.၀၁ | ၆.၈၄ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၂၉၇.၇၉ | ၃၃၀၀.၀၀ | ၃၁၇၉.၀၂ | ၀.၀၇ | ၃.၈၁ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၀၇၆.၄၇ | ၉၆၆.၃၉ | ၁၀၀၃.၈၁ | -၁၀.၂၃ | -၃.၇၃ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၇၄၈.၅၃ | ၂၆၁၈.၃၆ | ၃၂၂၆.၆၀ | -၄.၇၄ | -၁၈.၈၅ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၃၅.၂၈ | ၁၀၂၈.၂၃ | ၁၁၅၈.၅၄ | -၀.၆၈ | -၁၁.၂၅ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၀၄၆.၂၄ | ၂၆၉၆.၂၄ | ၅၇၁၀.၆၅ | -၁၁.၄၉ | -၅၂.၇၉ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၃၆၈.၂၀ | ၁၁၁၈.၂၀ | ၁၂၄၆.၉၈ | -၁၈.၂၇ | -၁၀.၃၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၇၈၀.၂၁ | ၄၇၈၅.၈၇ | ၄၆၂၃.၅၇ | ၀.၁၂ | ၃.၅၁ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၈၂.၅၁ | ၅၀၈၆.၄၇ | ၅၀၃၉.၈၇ | ၀.၀၈ | ၀.၉၂ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၈၈၀၉၇.၇၉ | ၈၈၁၇၇၆.၁၁ | ၈၅၀၂၉၉.၅၆ | -၀.၇၁ | ၃.၇၀ |
| ၂၄ | ထင်း | | ပိဿာ | ၃၁၉.၃၅ | ၃၁၉.၃၅ | ၂၉၁.၀၇ | ၀.၀၀ | ၉.၇၁ |
| ၂၅ | မီးသွေး | | ။ | ၆၂၀.၁၃ | ၆၂၄.၅၉ | ၅၇၆.၇၈ | ၀.၇၂ | ၈.၂၉ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၈.၉၅ | ၄၁၀.၀၉ | ၄၀၁.၉၈ | ၀.၂၈ | ၂.၀၂ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၂၅.၄၃ | ၁၀၃၃.၁၄ | ၉၀၂.၆၀ | ၀.၇၅ | ၁၄.၄၆ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၉၃၈.၈၀ | ၄၁၈၅.၉၆ | ၃၃၃၁.၁၃ | ၆.၂၇ | ၂၅.၆၆ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၉၀၅.၄၈ | ၄၁၃၈.၉၂ | ၃၄၂၀.၉၅ | ၅.၉၈ | ၂၀.၉၉ |

## ဇယား(၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | ၂၀၁၈ ခုနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | ၂၀၁၈ ခုနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ | ၄.၂၇ | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ |